# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ၃၇ ရက်မြောက်နေ့ အစီအစဉ်

# [ ၂၈–၁၁–၂၀၁၄ ] (သောကြာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၇ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြိုတင်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဒေါ်ခင်မွေးလွင်၊ မင်းကင်း မဲဆန္ဒနယ်၏ **အမျိုးသမီး/ သက်ကြီးရွယ်အို၊ မသန်စွမ်းသူ/ မူးယစ်ဆေး ဖြတ်ပြီးသူများကို စောင့်ရှောက်မည့် လုပ်ငန်းစဉ်များ၌ သက်ဆိုင်ရာ ဝန်ကြီးဌာနမှ အောက်ခြေထိ မည်သို့ ဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးသိန်းထွန်း၊ ကျောင်းကုန်း မဲဆန္ဒနယ်၏ **လယ်ယာမြေများ မှတ်ပုံတင်ခွင့် အခြေအနေနှင့် မှတ်ပုံတင်ပြီး လယ်ယာမြေများအား တရားဝင်ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ ပေးကမ်းခွင့်များကို မည်သည့်အချိန်တွင် ဆောင်ရွက်ပေးနိုင်မည်နှင့် မ/ပြေစာထွက် စိုက်ပျိုးနေသော လယ်ယာမြေများအား မှတ်ပုံတင်ခွင့် ရှိ၊ မရှိ သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော **"၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)ကို အတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ဥပဒေ ကြမ်း"** နှင့် စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခြင်း၊

၈။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၇ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပြီးစီးကြောင်း ကြေညာခြင်း။